ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ဆက်သွယ်ရေး၊ ဒီဂျစ်တယ်နှင့် သိပ္ပံနည်းပညာကော်မတီ ဥက္ကဋ္ဌ ဒေါက်တာနန္ဒာလှမြင့်

Telecom International Myanmar Co.,Ltd (Mytel) မှ Chief Representive Officer Mr. Le Van Tuyen ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၉ ရက်

ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ဆက်သွယ်ရေး၊ ဒီဂျစ်တယ်နှင့် သိပ္ပံနည်းပညာကော်မတီ ဥက္ကဋ္ဌ ဒေါက်တာနန္ဒာလှမြင့် သည် Telecom International Myanmar Co.,Ltd (Mytel) မှ Chief Representive Officer Mr. Le Van Tuyen ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ၊ ရေးရာဆောင် အမှတ် (I-9) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် Mytel အနေဖြင့် လွှတ်တော်ဝင်းအတွင်း ဆက်သွယ်ရေးကွန်ယက်နှင့် e-Government ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်စေရေးအတွက် ဆိုက်ဘာတိုက်မှု ကာကွယ်ရေး စနစ် (Anti-DDoS)၊ Paperless Parliament အတွက် e-Cabinet ၊ e-Office ၊ e-Sign စနစ်များ ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူလူထုအကြား အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက် ပေးပို့နိုင်မည့် SMS Brandname ၊ သီးသန့် အင်တာနက်လိုင်း (DIA)၊ MPLS-VPN ကွန်ယက်များနှင့် အလိုအလျောက်အသံစနစ်များဆိုင်ရာ အချက်အလက်များ၊ လွှတ်တော်အနေဖြင့် ဒီဂျစ်တယ် ပတ်ဝန်းကျင်တွင် လုပ်ငန်းများဆောင်ရွက်နိုင်သည့် စွမ်းဆောင်ရည်ကို တည်ဆောက်နိုင်ရန်နှင့် နည်းပညာများကို တစ်ဆင့်ပြီးတစ်ဆင့် ကိုယ်တိုင်ကျွမ်းကျင်စွာ စီမံအသုံးချနိုင်ရန် ကူညီပံ့ပိုး ပေးနိုင် ရေးအစီအစဉ်များနှင့်စပ်လျဉ်း၍တင်ပြဆွေးနွေးကြရာ ကော်မတီအဖွဲ့ဝင်များက ရင်းနှီးပွင့်လင်းစွာ ပြန်လည်ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကော်မတီဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး ဒေါ်နန်းရီရီဝင်းနှင့် ကော်မတီ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။